# ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ပဉ္စမ ပုံမှန်အစည်းအဝေး

# (၂၅)ရက်မြောက်နေ့ အစီအစဉ်

# [ ၃-၇-၂၀၁၇ ] (တနင်္လာနေ့) နံနက် ၁၀ နာရီ

၁။ ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌ နေရာယူခြင်း၊

၂။ ပြည်သူ့လွှတ်တော်အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း၊

၃။ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ပဉ္စမ ပုံမှန်အစည်းအဝေး (၂၅)ရက်မြောက်နေ့ အစီအစဉ် ကြေညာခြင်း၊

၄။ အစည်းအဝေး မတက်ရောက်နိုင်သော ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များအတွက် ခွင့်ပန်ကြားခြင်းနှင့် ပြည်သူ့လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း၊

၅။ ကြယ်ပွင့်ပြထားသည့် အောက်ပါမေးခွန်းများကို လွှတ်တော်ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း-

(က) ဦးမြင့်ဝေ၊ ဂွ မဲဆန္ဒနယ်၏ **ဧရာဝတီတိုင်းဒေသကြီး၊ အသုတ်မြို့မှ ရခိုင်ပြည်နယ်၊ ဂွမြို့သို့ သွယ်တန်းသော လျှပ်စစ်ဓာတ်အားခွဲရုံ 66/11 KVA(5)MVAမှ မည်သည့်အချိန်တွင် စတင်မီးလင်း မည်ကို သိလိုခြင်း** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(ခ) ဦးသန်းစိုး၊ သာစည် မဲဆန္ဒနယ်၏ **သာစည်မြို့နယ်၊ ဟဲဇားကျေးရွာရှိ (33/11) KV, (1250)KVA ထရန်စဖော်မာအား (33/11) KV, (5)MVA ဓာတ်အားခွဲရုံအဖြစ် တိုးမြှင့်တည်ဆောက်ပေးရန် အစီအစဉ်ရှိ၊ မရှိ** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(ဂ) ဒေါ်ချိုချို၊ အုတ်တွင်း မဲဆန္ဒနယ်၏ **လယ်ယာမြေလုပ်ပိုင်ခွင့်ကို ဝယ်ယူထားသော တောင်သူများလယ်ယာလုပ်ငန်းခွင် လုပ်ကိုင်ရန် အတွက်လိုအပ်သော ငွေရေးကြေးရေး အဆင်ပြေစေရန် သက်ဆိုင်ရာ ကျေးရွာရှိ လယ်စီ အဖွဲ့၏ ထောက်ခံချက်ဖြင့် လယ်ယာမြေ လုပ်ပိုင်ခွင့်လက်မှတ် ဝယ်ထားသူ၏ နာမည်ဖြင့် စိုက်ပျိုးစရိတ် ချေးငွေထုတ်ပေးရန် အစီအစဉ် ရှိ၊ မရှိ** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(ဃ) ဦးသိန်းထွန်း၊ သာပေါင်း မဲဆန္ဒနယ်၏ **မြေလွတ်၊ မြေလပ်၊ မြေရိုင်းများ စီမံခန့်ခွဲရေးဗဟိုအဖွဲ့နှင့် ယခုဗဟိုကော်မတီအဖွဲ့တို့မှ ခွင့်ပြုမိန့်အရ လုပ်ပိုင်ခွင့် အသုံးပြုခွင့်များ ဧကပေါင်း မည်မျှပေးထားသည်ကို သိလိုခြင်း၊ လုပ်ပိုင်ခွင့် အသုံးပြုခွင့်ရရှိသူများထံမှ အာမခံကြေးများ အပြည့်အဝရရှိခြင်း ရှိ၊ မရှိ နှင့် သီးနှံအမျိုးအစား၊ လုပ်ငန်းအမျိုးအစား အလိုက် မြေခွန်ကင်းလွတ်ခွင့်ကာလ ကုန်ဆုံးသည့်နေ့မှစ၍ မြေခွန်များ နှစ်စဉ်ကောက်ခံရရှိခြင်းများ ရှိ၊ မရှိ သိလိုခြင်း** တို့နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(င) ဦးဦးထွန်းဝင်း၊ ကျောက်တော် မဲဆန္ဒနယ်၏ **ကျောက်တော်မြို့နယ်ရှိ နိုင်ငံ့ဘဏ္ဍာငွေ ဘီလီယံပေါင်းများစွာ အကုန်ကျခံ တည်ဆောက် ထားသည့် ရေလှောင်တာတမံကြီးများအား နိုင်ငံ့အကျိုးပြု၊ ပြည်သူ့ အကျိုးပြုနိုင်ရေးအတွက် မည်သို့မည်ပုံ စီစဉ်ဆောင်ရွက်ထားကြောင်း သိလိုခြင်း** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(စ) ဒေါ်မိကွန်ချမ်း၊ ပေါင် မဲဆန္ဒနယ်၏ **ရေချိုရရှိရန် ခက်ခဲသည့် ပင်လယ်နှင့် နီးစပ်နေသော ကျေးရွာများအတွက် စက်တပ်ရေနက် တွင်းကြီးများ တူးဖော်ပေးရန် အစီအစဉ် ရှိ၊ မရှိ** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(ဆ) ဒေါ်ခင်စောဝေ၊ ရသေ့တောင် မဲဆန္ဒနယ်၏ **ရသေ့တောင်မြို့နယ်၊ ကျိုးကျွန်းတာတမံအား တာပုံစံကျ ပြုပြင်ခြင်းလုပ်ငန်းများ အောင်မြင်နိုင်ရေးအတွက် စက်ယန္တရားများဖြင့် စနစ်တကျ ပုံဖော်ဆောင်ရွက်ပေးနိုင်ခြင်း ရှိ၊ မရှိ** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(ဇ) ဦးသက်လွင်(ခ) ဦးပေါခင်၊ မြင်းခြံ မဲဆန္ဒနယ်၏ **မြင်းခြံမြို့နယ်၊ ဘိုးဘွားပိုင်မြေကွက် အမှတ်(၇)ရပ်ကွက်၊ အကွက်အမှတ်(၁၉)၊ ကွေ့ကြီးအရှေ့၊ ဦးပိုင်အမှတ်(၂၀)၊ ဧရိယာ(၀.၆၂)ဧက ပေါ်ရှိ နှစ်ထပ်တိုက်နှင့် ဂိုဒေါင်အဆောက်အအုံကို မူလပိုင်ရှင်များထံသို့ ပြန်လည်လွှဲပြောင်းပေးမည့် အစီအစဉ် ရှိ၊ မရှိ** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

၆။ ပြည်သူ့လွှတ်တော်၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ကျေးလက်လူမှုဘဝဖွံ့ဖြိုးတိုးတက်ရေးကော်မတီ၏ အစီရင်ခံစာကို အောက်ပါလွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးခြင်း–

(က) ဦးဉာဏ်ဟိန်း၊ သံဖြူဇရပ် မဲဆန္ဒနယ်၊

(ခ) ဦးစိန်ဝင်း၊ မအူပင် မဲဆန္ဒနယ်၊

၇။ ပြည်သူ့လွှတ်တော်၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ကျေးလက်လူမှုဘဝဖွံ့ဖြိုးတိုးတက်ရေးကော်မတီ၏ အစီရင်ခံစာကို သဘောတူလက်ခံရန် အဆို တင်သွင်းခြင်းနှင့် လွှတ်တော်၏ အတည်ပြုချက်ရယူခြင်း၊

၈။ အမျိုးသားလွှတ်တော်က ပြင်ဆင်ချက်ဖြင့်ပြန်လည် ပေးပို့သော **"ရေနံနှင့်ရေနံထွက်ပစ္စည်းဆိုင်ရာ ဥပဒေကြမ်း"** နှင့် စပ်လျဉ်း၍ အမျိုးသားလွှတ်တော်၏ ပြင်ဆင်ချက်များကို လွှတ်တော်သို့ တင်ပြခြင်းနှင့် လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း၊

၉။ အမျိုးသားလွှတ်တော်က ပြင်ဆင်ချက်ဖြင့် ပြန်လည်ပေးပို့သော **“ရေနံနှင့် ရေနံထွက်ပစ္စည်းဆိုင်ရာ ဥပဒေကြမ်း”** နှင့်စပ်လျဉ်း၍ လွှတ်တော်နှစ်ရပ် သဘောကွဲလွဲမှုရှိပါက ပြည်ထောင်စုလွှတ်တော်တွင် ဆွေးနွေးဆုံးဖြတ်ရန် တင်ပြသင့်ကြောင်း ကိုယ်စားလှယ်တစ်ဦးက အဆိုတင်သွင်းခြင်းနှင့် လွှတ်တော်၏ အဆုံးအဖြတ် ရယူခြင်း၊

၁၀။ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ပဉ္စမ ပုံမှန်အစည်းအဝေး (၂၅)ရက်မြောက်နေ့ ရပ်နားကြောင်းနှင့် အစည်းအဝေး (၂၆)ရက်မြောက်နေ့ ဆက်လက်ကျင်းပမည့် နေ့ရက်နှင့်အချိန်ကို ကြေညာခြင်း။